## "ရှမ်းပြည်နယ်မြောက်ပိုင်း တိုက်ပွဲပြင်းထန်မှုအပေါ်"
## သဘောထားထုတ်ပြန်ချက်

၁ ရက်၊ မတ်လ၊ ၂၀၁၅ ခုနှစ်

၁။ ရှမ်းပြည်နယ်မြောက်ပိုင်း ကိုးကန့်ဒေသ၊ တအာင်းဒေသ အစရှိသည့် တိုင်းရင်းသားလူမျိုးတို့၏ ဒေသများတွင် မြန်မာ့တပ်မတော်မှ တိုက်လေယာဉ်များ၊ တင့်ကားများ၊ သံချပ်ကာကားများပါ အသုံးပြုပြီး ပြည်ပကျူးကျော်စစ်သဖွယ် မိမိတို့ တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့များကို ထိုးစစ်ဆင်တိုက်ခိုက်နေပါသည်။

၂။ ထိုကဲ့သို့ နစ်ဖက်ထိတွေ့မှုတိုက်ပွဲများအရှိန်မြင့်တက်လာသည့် ပြည်တွင်းစစ်ကြောင့် ဒေသတွင်းရှိ ကိုးကန့်၊ ကချင်၊ ရှမ်း၊ တအာင်း၊ လားဟူ၊ လီဆူး၊ မြန်မာ အစရှိသည့် တိုင်းရင်းသားပြည်သူလူထုများမှာ စစ်ဘေးဒဏ်ခံစားနေကြရပါသည်။ မြန်မာ့တပ်မတော်သည် စစ်ပွဲဖြစ်ပွားရာဒေသများရှိ တိုင်းရင်းသားပြည်သူတို့၏ အိုးအိမ်များ မီးရှို့ဖျက်ဆီးခြင်း၊ ဥစ္စာပစ္စည်းများသိမ်းယူခြင်း၊ အပြစ်မဲ့ပြည်သူများအား သတ်ဖြတ်ခြင်း၊ တိုင်းရင်းသားသမီးပျိုများအား အတင်းအဓမ္မပြုကျင့်ခြင်း အစရှိသည့် လူ့အခွင့်အရေးချိုးဖောက်မှုမျိုးစုံကို ကျူးလွန်နေပါသည်။

၃။ မိမိတို့ တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများသည် မိမိတို့နယ်မြေဒေသများတွင်သာ အခြေချလှုပ်ရှားပြီး အမျိုးသားနိုင်ငံရေးရပိုင်ခွင့်ရရှိရန် ရပ်တည်တောင်းဆိုရင်း မိမိတို့၏လူထုအတွက် ခုခံကာကွယ်တိုက်ပွဲဝင်နေခြင်းဖြစ်ပါသည်။ မြန်မာလူမျိုးတို့၏နယ်မြေဒေသများသို့ သွားရောက်နယ်ချဲ့ရန်ပြုခြင်း လုံးဝမပြုချေ။ မိမိတို့၏တိုင်းရင်းသားနယ်မြေဒေသများသို့ မြန်မာ့တပ်မတော်မှ တပ်အင်အားများဆက်တိုက်တိုးချဲ့ကာ အပြင်းအထန်ထိုးစစ်ဆင်နေခြင်းကြောင့် မိမိတို့ တိုင်းရင်းသားတပ်ဖွဲ့များမှာလည်း လာရောက်ဗိုလ်ကျစိုးမိုးသည့် မြန်မာ့တပ်ဖွဲ့များ၏ရန်ကို အခိုင်အမာခုခံကာကွယ်ရင်း အချင်းချင်းအပြန်အလှန်ကူညီ တိုက်ပွဲဝင်နေခြင်းဖြစ်ပါသည်။

၄။ မိမိတို့ တိုင်းရင်းသားတော်လှန်ရေးအဖွဲ့အစည်းတို့သည် N.C.C.T ညှိနှိုင်းရေးအဖွဲ့တွင်လည်း တက်ကြွစွာပါဝင်ပြီး တပြည်လုံးအတိုင်းအတာအပစ်အခတ်ရပ်စဲရေးသဘောတူညီချက်စာချုပ် - NCA ဖြစ်မြောက်နိုင်ရန်အတွက် ကြိုးပမ်းလျက်ရှိပါသည်။ မိမိတို့ တဖွဲ့ချင်းစီအနေဖြင့် နစ်ဖက်ပစ်ခတ်တိုက်ခိုက်မှုများ လျှော့ချရပ်တန့်ရန်အတွက် တွေ့ဆုံဖြေရှင်းရန် အကြိမ်ကြိမ်တောင်းဆိုသော်လည်း မြန်မာ့တပ်မတော်က လက်မခံဘဲ တိုင်းရင်းသားအဖွဲ့အစည်းများအား နည်းအမျိုးမျိုးဖြင့်သွေးခွဲပြီး မြန်မာစစ်ခေါင်းဆောင်များချမှတ်သည့်မူအတိုင်းသာ ဆောင်ရွက်ရန် တဖက်သတ်ရပ်တည်လျက်ရှိသည်။

၅။ ထိုကြောင့် မြန်မာနိုင်ငံတွင် ပြည်တွင်းစစ်မီး ပိုမိုတောက်လောင်မည့် အခြေအနေသို့ဦးတည်နေပါသည်။ မြန်မာ့စစ်ခေါင်းဆောင်များ၏ အာဏာရူးသွပ်မှုနှင့်လူမျိုးကြီးဝါဒီကြောင့် ဖြစ်ပေါ်လာသည့်ပြည်တွင်းစစ် နောက်ဆက်တွဲဆိုးကျိုးအားလုံးတို့မှာ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးစီးသည့် မြန်မာ့တပ်မတော်၏တာဝန်ဖြစ်သည်။ ထို့ပြင် ရှမ်းပြည်မြောက်ပိုင်းဒေသ စစ်ပွဲကာလအတွင်း ဖြစ်ပွားသည့် စစ်ရာဇဝတ်မှုများ၊ လူ့အခွင့်အရေးချိုးဖောက်မှုများကို စစ်ဆင်ရေးအားအဓိက ကွပ်ကဲသည့် ကစထမှူး ဒုဗိုလ်ချုပ်ကြီးအောင်သန်းထွဋ် မှ တိုက်ရိုက်တာဝန်ခံရမည်ဖြစ်ကြောင်း မိမိတို့၏ သဘောထားကို စုပေါင်းထုတ်ပြန်ကြေညာလိုက်ပါသည်။

| | | |
|---|---|---|
| မြန်မာအမျိုးသားဒီမိုကရက်တစ်မဟာမိတ်တပ်မတော် (M.N.D.A.A) | ပလောင်ပြည်နယ်လွတ်မြောက်ရေးတပ်ဦး (P.S.L.F/T.N.L.A) | ရက္ခိုင့်တပ်မတော် (A.A) |